
စိုးသူ
ကောင်းကင်တာဒိုရဲ့
မှော်ဆေးကော်
စာစဉ် ၁

# အခန်း(၁)
# ပြန်လည် မွေးဖွားခြင်း

မိုးရေနိုင်ငံ

တိမ်မီးခိုးမြို့

လင်းကလန်အိမ်တော်။

ဆယ်စက္ကန့်လောက် အချိန်ကြာပြီးတဲ့ နောက်မှာ လင်းဟန်က သူပြန်လည် မွေးဖွားလာတယ် ဆိုတာကို အတည်ပြုလိုက်ပါပြီ။ ယခင်အတိတ် ဘဝတုန်းက သူဟာ ကိုယ်ခံပညာရပ် ပေါင်းစုံကို နားလည် တတ်ကျွမ်း ခဲ့တဲ့ အပြင် မှော်ဆေး ပညာရပ်မှာ လည်း မယှံနိုင်စရာကောင်းတဲ့ အောင်မြင်မှုကို ရရှိခဲ့ပါတယ်။ မီးလျှံသုံးပါးဂိုဏ်းကို တည်ထောင်နိုင်ခဲ့ပြီး မှော်ဆေးပညာမှာ ထူးချွန်ထက်မြက် လှတဲ့ ပါရမီကြောင့် သူ့ကိုမှော်ဆေး ဧကရာဇ်လို့ ခေါ်ကြပါတယ်။

ဒဏ္ဍာရီအဆင့်ကို ချိုးဖျက်ပြီး အင်မော်တယ် (မသေမျိုး) တစ်ယောက် ဖြစ်ဖို့ ကြံစည် တွေးတော ခဲ့တဲ့ အတိုင်း မရေမတွက်နိုင်တဲ့ ရှေးဟောင်း ဒေသတွေကို သွားလာခဲ့ပြီး နောက်ဆုံးမှာ တော့ သူဟာ အနက်ရောင် သွေးချိုင့်ဝှမ်းကို ဝင်ရောက်ခဲ့ပါတယ်။ ရှေးဟောင်း အနက်ရောင် မျှော်စင်ကို ရှာမတွေ့ခင် အချိန်ထိ အန္တရာယ် ပေါင်းစုံနဲ့ လည်း ကြုံတွေ့ခဲ့ ရပါသေးတယ်။

ဒါပေမဲ့ သူ့ကိုစိတ်မပျက် စေခဲ့ပါဘူး။ ရှေးဟောင်း မျှော်စင်ကနေ အရမ်းကို အစွမ်းထက်လှတဲ့ ရွှေရောင် စာလုံးတွေနဲ့ ရေးထားတဲ့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်သောလို့ အမည်ရတဲ့ မှော်စာလိပ် တစ်ခုကို သူရရှိခဲ့ပါတယ်။ အဲ့ထဲက အတိုင်းအမြင့်ဆုံး အဆင့်ကို ကျင့်ကြံအား ထုတ်နိုင်ခဲ့မယ် ဆိုရင် ကောင်းကင်နဲ့ မြေကြီး အတူတည်ရှိနေသလို နေနဲ့ လလိုမျိုး အဆုံးမရှိတဲ့ သက်တမ်းကို ရရှိမှာ ဖြစ်ပါတယ်။

သူ့ကိုယ်သူ တွန်းအား ပေးပြီးတော့ ဒီကျင့်စဉ်ကို မှတ်မိအောင် ကြိုးစား လေ့လာနေတဲ့ အချိန်မှာ ကောင်းကင် မိုးကြိုးတစ်ခုဟာ မျှော်စင်ကနေ ပေါ်ထွက် လာပြီး သူ့ရဲ့ သေမျိုး ခန္ဓာကိုယ်ကို ဖျက်ဆီးပစ် လိုက်ပါတယ်။ ဒါပေမဲ့ အံ့သြစရာ ကောင်းအောင်ပဲ သူ့ရဲ့ ဝိညာဉ်ဟာ မပျောက်ကွယ် သွားပဲနဲ့ နှစ်ပေါင်း တစ်သောင်းကျော် ကြာတဲ့ အထိ စိတ်ဝိညာဉ်အစိတ်အပိုင်းလေး တစ်ခုအဖြစ် တည်ရှိနေ ခဲ့ပါတယ်။

ဒီနှစ်တွေမှာ သူ့ရဲ့ စိတ်ဝိညာဉ်ဟာ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်သော မှော်စာလိပ်ထဲမှာ နှစ်မြှုပ်ပြီး လေ့လာ နေခဲ့ပါတယ်။ နောက်ဆုံးမှာ တော့ မှော်စာလိပ်မှာ ဖော်ပြထားတဲ့ အစွမ်းထက်လှတဲ့ ကျင့်စဉ်ရဲ့ ပထမအလွှာကို သူနားလည် သဘောပေါက် လာခဲ့ပါတယ်။

သူသိထားတဲ့ ပထမအလွှာရဲ့ ကောင်းကင်အဆင့် စစ်သည် တော်ဆိုတာ ဘာကို ဆိုလိုတာလဲ။ ကောင်းကင်အဆင့် စစ်သည် တော် တစ်ယောက်ရဲ့ သက်တမ်းဟာ နှစ်ပေါင်းတစ်ထောင် အောက်မှာ ပဲ ရှိပါတယ်။ ဒါကြောင့် ပုံမှန်အားဖြင့်တော့ ဒီမှော်စာလိပ်ကို ဘယ်သူကမှ ပြီးပြည့်စုံအောင် မလေ့လာနိုင် မကျင့်ကြံ နိုင်ခဲ့ကြပါဘူး။ လင်းဟန်ဟာ မှော်စာလိပ်ရဲ့ ပထမအလွှာကို နားလည် သဘောပေါက်တဲ့ အချိန်မှာ ပဲသူနဲ့ နာမည်တူဖြစ်တဲ့ အသက် ၁၆နှစ်အရွယ် လူငယ်လေး တစ်ယောက်ရဲ့ ခ

န္တာကိုယ်မှာ ပြန်လည် ဝင်စားလာခဲ့ပါတယ်။

"အင်း ... ... .ဘာဖြစ်ဖြစ်လေ ငါတော့ ပြန်လည် မွေးဖွား လာပြီ။ ဒီခန္ဓာကိုယ်ဟာ အခုမှ ကိုယ်ခန္ဓာ ပြုပြင်ခြင်း ဒုတိယအဆင့်ပဲ ရှိသေးတဲ့ အမှိုက်ကောင် တစ်ယောက် ဖြစ်နေပေမဲ့လည်း ငါဟာ တစ်ချိန်က ကောင်းကင် အဆင့် စစ်သည် တော် တစ်ယောက် ဖြစ်ပြီး ကိုယ်ခံ ပညာရပ်တွေရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပြီးတော့ မှော်ဆေးပညာရဲ့ ဂရန်းမာစတာ တစ်ယောက်ပဲ။ ဒီကိုယ်ခန္ဓာက ဘယ်လောက်ပဲ စုတ်ပြတ်သတ် နေပါစေ အချိန်တိုလေး အတွင်းမှာ မှော်ဆေးလုံးတွေကို ငါသုံးစွဲနိုင် ခဲ့မယ်ဆိုရင် နောက်တစ်ကြိမ် ထိပ်ဆုံးကို မရောက်နိုင်ဘူး ဆိုတာကို ငါမယုံဘူး။ ဒီခန္ဓာကိုယ်က ဘာဖြစ်တာလဲ အသက်၁၆နှစ် ရှိနေတာတောင်မှ ဒီကောင်က အခုထိကိုယ်ခန္ဓာ ပြုပြင်ခြင်း ဒုတိယအဆင့်ပဲ ရှိသေးတာလား ... ဖြစ်နိုင်တာက ဒီအချိန်မှာ ကိုယ်ခံပညာရပ်တွေက ကွယ်ပျောက်ကုန်ပြီလား"

"ဘန်း"

ပေါက်ကွဲသံတစ်ခု ဖြစ်ပေါ်လာပြီး လင်းဟန်ရဲ့ မူလခန္ဓာပိုင်ရှင်ရဲ့ မှတ်ဉာဏ်တွေဟာ စီးမျောသွားပြီးတော့ မှတ်ဉာဏ်နှစ်ခုဟာ ပေါင်းစည်းသွားပါတော့တယ်။

"ငါသိပြီသူဟာ အခုမှ ကိုယ်ခန္ဓာ ပြုပြင်ခြင်း ဒုတိယအဆင့်ပဲ ရှိနေရတဲ့ အကြောင်းရင်းက မူလခန္ဓာကိုယ် ပိုင်ရှင်ရဲ့ စိတ်ဝိညာဉ် အခြေခံဟာ အရမ်းကို ညံ့ဖျင်းတဲ့ အရည်အသွေးကို ပိုင်ဆိုင်ထားလို့ ပဲ"

စစ်သည် တော် တစ်ဦး ဖြစ်အောင် လေ့ကျင့်ဖို့ အတွက် ရှေးဦးစွာ ပထမလိုအပ်ချက်က စိတ်ဝိညာဉ် အခြေခံ ရှိရပါမယ်။ ကောင်းကင်နဲ့ မြေကြီး ဆီကနေ စိတ်ဝိညာဉ် ချီတွေကို စုပ်ယူပြီးတော့ သူတို့ ရဲ့ မူပိုင်

အစွမ်းအဖြစ် ပြောင်းလဲပစ် နိုင်ပါတယ်။ တချို့သော စိတ်ဝိညာဉ် အမျိုးစားတွေက စိတ်ဝိညာဉ် ချီတွေကို လျှင်မြန်စွာ စုပ်ယူနိုင်ပြီး တချို့ကတော့ စုပ်ယူနိုင်မှု နှေးကွေး ပါတယ်။ ဒ့ါအပြင် စိတ်ဝိညာဉ်တွေကို ကောင်းကင် မြေကြီး အမဲရောင်နဲ့ အဝါရောင်ဆိုပြီး အဓိကအဆင့်ကြီး လေးဆင့် ခွဲခြားထား ပါသေးတယ်။ အဆင့်တိုင်းမှာ လည်း အဆင့်မြင့် အလယ်အလတ်နဲ့ အဆင့်နိမ့်ဆိုပြီး သုံးမျိုးစီ ထပ်ခွဲထား ပါသေးတယ်။ အကောင်းဆုံး အဆင့်ကတော့ ကောင်းကင်အဆင့် အဆင့်မြင့်အဆင့်နဲ့ အဆိုးဆုံး အဆင့်ကတော့ အဝါရောင်အဆင့် အဆင့်နိမ့် အဆင့်တို့ ပဲ ဖြစ်ပါတယ်။ စိတ်ဝိညာဉ်တွေကို သူတို့ ရဲ့ သန့်စင်မှုပေါ် မူတည်ပြီး ခွဲခြားထားတာပါ။ ပိုပြီးသန့်စင်လေ ပိုကောင်းလေပါပဲ လင်းဟန်ရဲ့ စိတ်ဝိညာဉ်ကတော့ ဖရိုဖရဲ ဖြစ်နေတဲ့ အပြင် ဒြပ်စင်ငါးမျိုးလည်း ပါနေပါသေးတယ်။

ဒီသိုင်းပညာ ကမ္ဘာမှာ ဆိုရင် လင်းဟန်ရဲ့ စိတ်ဝိညာဉ်ကို အဆိုးဆုံး အဆင့်ဖြစ်တဲ့ အဝါရောင် အဆင့်နိမ့် အဆင့်အဖြစ်တောင် သတ်မှတ် နိုင်ပါတယ်။ ဒါဟာလင်းဟန်ရဲ့ မူလခန္ဓာကိုယ် ပိုင်ရှင်က အသက်၁၆နှစ်ရှိနေတာကိုတောင်မှ ကိုယ်ခန္ဓာ ပြုပြင်ခြင်း ဒုတိယ အဆင့်ကိုပဲ ရောက်နေရတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

လင်းဟန် အရင်ဘဝတုန်းက အမြင့်ဆုံးဖြစ်တဲ့ ကောင်းကင်အဆင့် စိတ်ဝိညာဉ်ဖြစ်တဲ့ ယန်ကိုးပါး မီးစိတ်ဝိညာဉ်ကို ပိုင်ဆိုင်ခဲ့တာပါ။ ဒါကြောင့်လည်း နှစ်ပေါင်းနှစ်ရာ အတွင်းမှာ သူ့ရဲ့ မှော်ဆေးပညာရပ်ပါရမီနဲ့ ဆေးလုံး အထောက်အပံ့တွေက သူ့ရဲ့ ကျင့်ကြံမှုကို အထောက်အကူပေးပြီး ကောင်းကင်အဆင့်ကို ရောက်ရှိ လာခဲ့တာ ဖြစ်ပါတယ်။

"ဖရိုဖရဲဖြစ်နေတဲ့ ဒြပ်စင်ငါးမျိုး စိတ်ဝိညာဉ်လား ... ဒါကအဆင့်အ

နိမ့်ဆုံး စိတ်ဝိညာဉ်ပဲ အင်း ... .ငါအခုပိုင်ဆိုင်ရတဲ့ ခန္ဓာကိုယ် ပိုင်ရှင်အနေနဲ့ ဘယ်လောက်ပဲ ကြိုးစားပြီး လေ့ကျင့်လေ့ကျင့် ကိုယ်ခန္ဓာပြုပြင်ခြင်း ဒုတိယ အဆင့်ကနေ မတက်နိုင်တာ အံ့ဩစရာ မဟုတ်ပါဘူးလေ။ ငါ့အတွက် ဒီ စိတ်ဝိညာဉ်က အဓိကပြဿနာပဲ။ ဒါပေမဲ့ မှော်ဆေးလုံးတွေကို အသုံးပြုနိုင် ခဲ့မယ်ဆိုရင် ထိပ်ဆုံးကို ရောက်ဖို့ ငါ့အတွက် လေးနှစ်ပဲအချိန်ယူ ရလိမ့်မယ်"

လင်းဟန်ဟာ သူ့နှလုံးသားကို တည်ငြိမ်အောင်ထားပြီး သူ့ရဲ့ အရမ်းကို အစွမ်းထက်လှတဲ့ စိတ်စွမ်းအင်နဲ့ သူ့ဒန်တန်ထဲမှာ ရှိတဲ့ စိတ်ဝိညာဉ်ကို စစ်ဆေးကြည့်လိုက်တဲ့ အခါမှာ ရုတ်တရက် ထိတ်လန့် သွားခဲ့တယ်။ သူ့မျက်နှာမှာ လည်း အားရကျေနပ်ခြင်းနဲ့ အတူမယုံကြည် နိုင်မှုတွေကိုပါ ဖြစ်ပေါ်လာ စေခဲ့တယ်။

"ဒါက ဖရိုဖရဲ ဒြပ်စင်ငါးမျိုး စိတ်ဝိညာဉ် မဟုတ်ဘူး ပဲ ဒီဒြပ်စင်ငါးမျိုးဟာ လုံးဝကို တည်ငြိမ်ပြီးတော့ သူ့ပုံစံက ကြာပွင့် တစ်ခုလိုပဲ ... . ဒါဟာ ဒြင်စင်ငါးမျိုး ကြာပန်း အကောင်းတကာ့ အကောင်းဆုံးဆိုတဲ့ ယန်ကိုးပါး မီးလျှံစိတ်ဝိညာဉ် ထက်တောင် ရှားသေးတယ်။ ဒါကို မသေမျိုးအဆင့် စိတ်ဝိညာဉ် အဖြစ်တောင် ချီးကျူးခဲ့ကြတယ်။ မူလပိုင်ရှင်ရဲ့ ကျင့်ကြံမှုက အရမ်းကိုနှေးတာပဲ။ ဒါပေမဲ့ ဖရိုဖရဲ ဒြပ်စင်ငါးမျိုး ကြာပွင့်က သူ့ရဲ့ အစစ်အမှန်သော စွမ်းအားကို ဖော်ထုတ် နိုင်ဖို့ အတွက် အထူးနည်းလမ်းတွေ လိုအပ်တာကြောင့်ပဲ ဖြစ်တယ်။ ငါသာသင့်တော်တဲ့ နည်းလမ်းကို ရှာဖွေနိုင်မယ်ဆိုရင် ဒီဒြပ်စင်ငါးမျိုး ကြာပွင့်ဟာ ကောင်းကင်အဆင့် ဖြစ်သွားလိမ့်မယ်။ နှစ်ပေါင်းတစ်ရာလား မဟုတ်သေးဘူး ငါ့အတွက် နောက်ထပ်တစ်ကြိမ် ကောင်းကင်အဆင့် နယ်ပယ်ကို ပြန်ရောက်ဖို့ နှစ်ပေါင်းငါးဆယ် လောက်ပဲလိုတယ်"

လင်းဟန်အနေနဲ့ သူရဲ့ စိတ်ကို ထိန်းမထားနိုင်အောင် ပျော်ရွှင်လို့ နေပါတယ်။ စိတ်ဝိညာဉ် ဆိုတာက လူတစ်ယောက် မွေးဖွား လာကတည်းက ဖြစ်ပေါ်လာတဲ့ အရာပါ။ ဘယ်အရာနဲ့ မှ ပြောင်းလဲပစ်လို့ မရပါဘူး။ သူ့ရဲ့ အရင်ဘဝက မြောက်မြားစွာသော ရှေးဟောင်းဒေသ နယ်မြေတွေဆီကို ခရီးဆန့်ခဲ့ပြီး မတူညီတဲ့ လျှို့ဝှက် ကျင့်စဉ်တွေနဲ့ ကျင့်ကြံ နည်းလမ်းတွေကို သူရရှိခဲ့ ပါတယ်။ အဲဒီအထဲမှာ ကောင်းကင်အဆင့် ဒြပ်စင် ငါးမျိုးကလည်း အပါအဝင် ဖြစ်ပါတယ်။

"င့်ါခန္ဓာကိုယ်ရဲ့ မူလပိုင်ရှင်က ဘယ်လိုကြောင့် သေသွား ခဲ့ရတာလဲ "

မူလခန္ဓာကိုယ် ပိုင်ရှင်ဟာ လင်းကလန်ရဲ့ ခေါင်းဆောင် လင်းဒေါင်ရှန်ရဲ့ တစ်ဦးတည်းသော သားဖြစ်ပါတယ်။ သူ့အမေနဲ့ အဘိုးအဘွားတွေဟာ သေဆုံးသွားခဲ့တာ နှစ်ပေါင်းများ စွာ ကြာခဲ့ပါပြီ။ လင်းကလန် အဖွဲ့သား အားလုံးဟာ သိုင်းပညာ တတ်မြောက် ကြပါတယ်။ ဒါကလည်း လင်းကလန်ရဲ့ ဂုဏ်ယူစရာ အချက်ပဲ ဖြစ်ပါတယ်။ လင်းဒေါင်ရှန်ဟာ စိန်ခေါ်မှု ပေါင်းစုံကို ယှဉ်ပြိုင် အနိုင်ယူပြီးမှ ကလန်ထဲမှာ အသန်မာဆုံး ဖြစ် လာပြီး ကလန်ခေါင်းဆောင် ဖြစ်လာခဲ့သူပါ။

ဒါပေမဲ့ လင်းဟန်ကတော့ သူ့ရဲ့ စိတ်ဝိညာဉ်ကြောင့် ငယ်ငယ်ကတည်းက အမိုက်ကောင်လို့ သူများ တွေက မှတ်ယူထားခဲ့ ကြပါတယ်။

လင်းဒေါင်ရှန်ဟာ သူ့သားရဲ့ အနာဂတ် တောက်ပဖို့ အတွက် ဟွာယန် အကယ်ဒမီနဲ့ အပေးအယူ လုပ်ခဲ့ပါတယ်။ ဟွာယန် အကယ်ဒမီ အနေနဲ့ လင်းဟန်ကို တပည့်အဖြစ် လက်ခံပြီးတော့ ကျင့်ကြံမှုတွေအတွက် ကူညီပေးရမှာ ဖြစ်ပြီးတော့ ...

လင်းဒေါင်ရှန် ကတော့ ဟွာယန် အကယ်ဒမီအတွက် ခရမ်းရောင်

အလင်းမြေပြင် ချိုင့်ဝှမ်းကို ဝင်ရောက်ပြီး ရှာဖွေ တွေ့ရှိတဲ့ အရာတွေကို ပြန်လည် ပေးအပ်ရမှာ ဖြစ်ပါတယ်။

ဟွာယန် အကယ်ဒမီဟာ မိုးရေနိုင်ငံရဲ့ အင်ပါယာ လက်အောက်ခံ အကယ်ဒမီ တစ်ခု ဖြစ်ပြီး ရင်းမြစ်များ စွာ ကြွယ်ဝပါတယ်။ သူတို့ သာ အရင်းမြစ်တွေကို အသုံးပြု ပေးမယ်ဆိုရင် လင်းဟန်လို အမှိုက်ကောင တောင်မှ ပဲ ဒြပ်စင်စုစည်းခြင်း အဆင့်ကို ရောက်နိုင်ပါတယ်။ ဒါပေမဲ့ ဟွာယန် အကယ်ဒမီက လူတွေက ငတုံးမှ မဟုတ်တာ။ လွယ်လွယ်ကူ ကူ ရနိုင်တဲ့ ပစ္စည်းတစ်ခု အတွက်နဲ့ သူတို့ က ဒီလိုအရင်းနှီးကြီးတဲ့ စွန့်စားမှုမျိုးကို လုပ်ရမှာ လား။

ခရမ်းရောင် အလင်း မြေပြင် ချိုင့်ဝှမ်းဟာ အရမ်း အန္တရာယ်များ တဲ့ နေရာတစ်ခုပါ။ ဒါပေမဲ့ သူ့သားရဲ့ အနာဂတ်အတွက် လင်းဒေါင်ရှန်ဟာ လွန်ခဲ့တဲ့ တစ်ပတ်ကပဲ အဲဒီကိုထွက်ခွာ သွားခဲ့ပါတယ်။

မနေ့က ဟွာယန် အကယ်ဒမီက လူတွေက လင်းကလန်ကို သူတို့ ရဲ့ သဘောတူညီချက် အတိုင်းပဲ သူ့ကိုတပည့်အဖြစ် ရွေးချယ်ဖို့ ရောက်လာ ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ လင်းကလန်ရဲ့ အိမ်တော်ထိန်း လင်းရှောင် ယွမ် ရောက် လာပြီးတော့ သူ့မြေးဖြစ်သူ လင်းမုယွမ်အတွက် လက်လျှော့ပေးဖို့ လာပြောပါတယ်။

လင်းမုယွမ်ဟာ လင်းကလန်ရဲ့ ပါရမီရှင် တစ်ယောက်ဖြစ်လို့ ဒီလိုမျိုး အခွင့်အရေးကို အမှိုက်ကောင်လို ဖြစ်နေတဲ့ လင်းဟန်အတွက် အသုံးချတာဟာ နှမြောစရာပဲလို့ ယူဆလို့ ဖြစ်ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ မူလခန္ဓာကိုယ် ပိုင်ရှင်က သဘော မတူခဲ့ပါဘူး။ သူ့အ ဖေရဲ့ အသက်နဲ့ လဲပြီးရယူထားတဲ့ အခွင့်အရေးကို တခြား တစ်ယောက် အတွက် မပေးနိုင်ပါဘူး။ ဒါပေမဲ့ လင်းရှောင်ယွမ်က ဒြပ်စင်စုစည်းခြင်း

အဆင့် ရောက်နေပါပြီ။ သူ့အနေနဲ့ ဘယ်လိုမှ မခုခံ နိုင်ခဲ့ပါဘူး။ လက်သီး တစ်ချက်ကြောင့်ပဲ သူဟာဒဏ်ရာ ပြင်းထန်စွာ ရရှိပြီးသူ့ရဲ့ အခန်းထဲ အရောက်မှာ သေဆုံးခဲ့ရတာ ဖြစ်ပါတယ်။ လင်းဟန်က တော်တော်ဒေါသ ထွက်သွား ပါတယ်။ တော်တော်လေး လွန်နေပြီလေ။ သူ့အဖေရဲ့ အသက်နဲ့ လဲပြီးရထားတဲ့ ဒီနေရာကိုရရှိဖို့ လင်းရှောင်ယွမ်တို့ မြေးအဘိုးတွေကဒီလိုမျိုး ကြံစည် ရဲလိမ့်မယ်လို့ မထင်ထားဖူးလေ။

"ဘယ်လောက်တောင် အရှက်ကင်းမဲ့တဲ့ ခွေးသူခိုးတွေလဲ ငါဒါကို လက်မခံနိုင်ဘူး"

လင်းဟန်ဟာ ခုတင်ပေါ်ကနေ ထထိုင်လိုက်ပြီး ခန္ဓာကိုယ် တစ်ခုလုံးကို စစ်ဆေးကြည့် လိုက်ပါတယ်။ သူဟာ ပြန်လည် မွေးဖွားလာတာမှန်ပေမဲ့လည်း ရရှိထားတဲ့ ဒဏ်ရာတွေဟာ သူ့အလိုလို မပျောက်သွားဘူးလေ။

"ဟင် စိတ်ဝိညာဉ် အခြေခံက ပျက်စီးနေတာပဲ"

လင်းရှောင်ယွမ်ရဲ့ တိုက်ခိုက်မှုဟာသူ့ရဲ့ စိတ်ဝိညာဉ် အခြေခံကို အမှန်တကယ်ပဲ ထိခိုက်ပျက်စီး စေတာပဲ။

"စိတ်ဝိညာဉ် ပျက်စီးခြင်းကမှ တကယ့် ပြဿနာပဲ သာမန် ဆေးတွေနဲ့ တော့ ကုလို့ မရနိုင်ဘူး။ ငါ့ရဲ့ မှော်ဆေးပညာ တတ်ကျွမ်း နားလည်မှုအရ စိတ်ဝိညာဉ် အခြေခံကို ပြန်လည် ကုသဖို့ ဆေး၇မျိုး ရှိတယ်။ အဲဒီထဲက လေးမျိုးကို ဖော်စပ်ဖို့ က ပါဝင်တဲ့ ဆေးအမယ်တွေက အရမ်းဈေးကြီးပြီး လင်းကလန် တစ်ခုလုံးကို ရောင်းချရင်တောင်မှ မလုံလောက်ဘူး။ ပြီးတော့ ငါ့ရဲ့ စိတ်ဝိညာဉ် အခြေခံက နည်းနည်းလေးပဲ ထိခိုက် ပျက်စီးတာဖြစ်လို့ ဒီလိုမျိုး အဆင့်မြင့် ဆေးလုံးတွေ မလိုဘူး။ ကျန်တဲ့ ဆေး သုံးမျိုးထဲက ၂မျိုးကလည်း ငါ့ရဲ့ လက်ရှိ ကျင့်ကြံမှုဖြစ်တဲ့

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် ၂ နဲ့ တော့ ဘယ်လိုမှ အဆင် မပြေနိုင်ဘူး။ ဒါဆိုင့်ါမှာ ရွေးချယ်စရာ တစ်မျိုးပဲ ရှိတယ်"

"မူလနှလုံးသား စိတ်ဝိညာဉ် ကာကွယ်ဆေးမှုန့် ... ဒီဆေးကို လွယ်လွယ်ကူကူ နဲ့ ပဲပြုလုပ်နိုင်တယ်။ သူ့ရဲ့ အချိုးအဆတွေကိုသာ မှန်မှန်ကန်ကန် ထည့်သွင်း အသုံးပြုနိုင်ရင် ဒီဆေးလုံးကို ငါလွယ်လွယ်နဲ့ ပြုလုပ်နိုင်ပြီ။ အင်း ... ပထမဆုံးငါ့ရဲ့ အပြင် ဒဏ်ရာတွေကို အရင်ကုရမယ်။ ပြီးတော့မှ လင်းရှောင်ယွမ်တို့ မြေအဘိုးကို ငါသွားတား ရလိမ့်မယ်။ ဒီအခွင့်အရေးကို ငါဂရုမစိုက်ပေမဲ့ ငါ့အဖေရဲ့ အသက်နဲ့ လဲပြီး ရယူထားတာလေ ။ ဒါကိုအရှက် မရှိတဲ့ လင်းရှောင်ယွမ်တို့ မြေအဘိုးတွေက အမြတ်ထုတ် သွားမှာ ကိုတော့ ငါမလိုလားဘူး"

လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပြီး မှော်စာလိပ်ထဲက နည်းလမ်းအတိုင်း ခန္ဓာကိုယ်မှာ လှည့်လည် စေလိုက်ပါတယ်။

သူ့ခန္ဓာကိုယ်ရဲ့ အတွင်းပိုင်းကနေ စွမ်းအားကြီးတဲ့ အမှတ်သားတချို့ပေါ် လာပြီးတော့ ဒဏ်ရာတွေကို လျင်လျင်မြန်မြန်ပဲ သက်သာသွား စေခဲ့ပါတယ်။ လင်းဟန်ရဲ့ မျက်လုံးတွေ ပွင့် လာပြီးတော့ ပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့် လိုက်ပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"အခုငါ လင်းရှောင်ယွမ်တို့ နဲ့ သွားတွေ့ပြီး ဒီအရှက်မရှိတဲ့ လူအိုကြီးကို အံ့ဩသွားအောင် လုပ်ရမယ်"

သူ့အခန်းတံခါးကို ဖွင့်လိုက်တဲ့ အခါ သူသွားမယ့် လမ်းကြောင်းမှာ လူတစ်ယောက် ပိတ်ရပ်ထားပါတယ်။ သူ့ဟာ လင်းကလန်က လင်းရှောင်ယွမ်ရဲ့ လက်အောက်ခံ ကျန်းယွမ် ပဲဖြစ်ပါတယ်။

"သခင်လေးဟန် အိမ်တော်ထိန်းကြီးက အမိန့်ပေး ထားပါတယ် ဒီ

နေ့ အခန်းထဲမှာ ပဲ တစ်နေ့လုံး နေရမယ်တဲ့ "

ကျန်းယွမ်ရဲ့ မျက်လုံးထဲမှာ တော့ လင်းဟန်ဟာ ကလန်ခေါင်းဆောင်ရဲ့ သားဖြစ်နေပေမဲ့ အမှိုက်ကောင် တစ်ကောင်လို့ ပဲ မြင်ပါတယ်။

လင်းဟန်က အေးစက်စက်နဲ့ ကြည့်ပြီး ပြောလိုက်ပါတယ်။

"မင်းကငါ့ကို တားရဲတယ်ပေါ့လေ"

"ဒါက အိမ်တော်ထိန်းကြီးရဲ့ အမိန့်ပါ သခင်လေး ကျနော့်ကို အခက်တွေ့အောင် မလုပ်ပါနဲ့ "

"လင်းရှောင်ယွမ် ခွေးအိုကြီး ငါ့ကို ဒဏ်ရာရအောင် လုပ်ရုံတင် မကဘူး ဘယ်မှ မသွားနိုင်အောင် အခန်းအရှေ့မှာ အစောင့်တောင် ထားလိုက်သေးတယ်။ ငါ့ရှေ့ကနေ ထွက်သွားစမ်း"

"သခင်လေး ဒါကအိမ်တော်ထိန်းကြီးရဲ့ အမိန့် ... ... ..."

"ဖြန်း"

"သခင်လေး ကျနော့ကို အကျပ်မကိုင်ပါနဲ့ "

"ဖြန်း"

လင်းဟန်ရဲ့ လက်က နောက်တစ်ကြိမ် မြောက်လိုက်ပြီးတော့ ခပ်ပြင်းပြင်းလေး ထပ်ရိုက် လိုက်ပါတယ်။

***

# အပိုင်း (၂)

## စွမ်းအား

ကျန်းယွမ်က အမှိုက်ကောင်ရဲ့ ပါးရိုက်ချက် နှစ်ချက်ကို ခံလိုက်ရလို့ ဒေါသအရမ်း ထွက်သွားပါတယ်။ သူက ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်၄ကို ရောက်နေပြီး လင်းဟန်ကတော့ အခုမှ အဆင့်၂သာ ရှိသေးတဲ့သူပါ။ ကျန်းယွမ်ရဲ့ ခေါင်းထဲမှာ လင်းဟန်ကို ပြန်တိုက်ခိုက်ပြီး ဒီအမှိုက်ကောင်ကို မှတ်လောက် သားလောက်အောင် ဆုံးမလိုက်မယ် ဆိုတဲ့ အတွေးပဲ ရှိပါတော့တယ်။ ဒါနဲ့ ပဲ ကျန်းယွမ်ဟာ လင်းဟန်ကို အားပြင်းတဲ့ လက်သီးတစ်ချက်နဲ့ ထိုးလိုက်ပါတယ်။ လင်းဟန်အနေနဲ့ အံအားသင့်စရာ ကောင်းအောင် တည်တည်ငြိမ်ငြိမ် ရှိနေခဲ့ပါတယ်။ သူ့ရဲ့ အရင်ဘဝမှာ ဆိုရင် ကျန်းယွမ်လိုလူပေါင်း တစ်သောင်းလောက်ကို သူ့လက်ညှိုးလေး တစ်ချောင်းနဲ့ တောင် အကုန်သတ်ဖြတ် ပစ်နိုင်ပါတယ။ ဒါပေမဲ့ အခုချိန်မှာ တော့ သူဟာ ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့် ၂ ပဲ ရှိပါသေးတယ် အဆင့်တွေ ကွာခြားတာနဲ့ အမျှ စွမ်းအား တွေဟာလည်း ကွာခြားပါတယ်။ ဒါပေမဲ့ ခုလင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ထိန်းချုပ် နေတဲ့ သူဟာ ကောင်းကင်အဆင့် စစ်သည် တော် တစ်ယောက် ဖြစ်ပြီးတော့ သူရဲ့ မူလ အစွမ်းတွေ ဆုံးရှုံး ထားပေမဲ့လို့ သူ့ရဲ့ ထိုးထွင်း သိမြင်မှုကတော့ ကျန်ရစ် နေပါသေးတယ်။

"ဟူး"

လေအေးတစ်ချက်ကို ရှိုက်သွင်းလိုက်ပြီး ကျန်းယွမ်ဟာ သူ့ရဲ့ လက်သီးချက်က ပစ်မှတ်ကို ထိမှန်သွားပြီလို့ ယူဆလိုက် ချိန်မှာ ပဲ … …။

"အန့်"

"ငါ့ပစ်မှတ်ကို ထိမှ ထိသွားရဲ့ လား"

ကျန်းယွမ်ရဲ့ လက်သီးချက်ဟာ လင်းဟန်ရဲ့ မျက်နှာကို ထိခါနီး အချိန်မှာ ပဲ လင်းဟန်က ခြေတစ်လှမ်း အနောက်ကို ဆုတ်လိုက်ပြီး ရှောင်လိုက်တဲ့ အတွက် သူ့ရဲ့ လက်သီးဟာ လင်းဟန်ရဲ့ နှာခေါင်း ဘေးကနေ ကပ်သွားခဲ့ပါတယ်။

"ဖြန်း"

ကျယ်လောင်သော အသံတစ်ခုကို ကြားလိုက်ပြီး ကျန်းယွမ်ဟာ နောက်ထပ် လက်ဝါးချက် ပြင်းပြင်းတစ်ချက် အရိုက်ခံလိုက် ရပါတယ်။

ကျန်းယွမ် သွေးတစ်ပွက် အန်လိုက်ပြီး ဒေါသအလွန် ထွက်သွားပြီးတော့ လင်းဟန်ကို အဆက်မပြတ် လက်သီးချက်တွေနဲ့ ထိုးလိုက် ပါတော့တယ်။

"သေစမ်း … …အမှိုက်ကောင် သေစမ်းကွာ"

အဲဒီအချိန်မှာ ပဲ လင်းဟန်ဟာ ကျန်းယွမ်ရဲ့ လက်သီးချက်တွေကို ရှောင်ပြီး ပြန်လည် တိုက်စစ် ဆင်တဲ့ အနေနဲ့ ညာဘက်ခြေထောက်နဲ့ ကျန်းယွမ်ရဲ့ ပေါင်ကြားကို တစ်ချက်ထိထိမိမိကို ကန်ပစ် လိုက်ပါတယ်
။

"အား … ဝူး"

ကျန်းယွမ်ဟာ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်၄ကို ရောက်နေပြီ ဖြစ်

သော်လည်း သူ့ရဲ့ ဖွားဖက်တော် နေရာကတော့ သံဘောလုံးလို အစွမ်း မရှိခဲ့ပါဘူး။ ကျန်းယွမ်ဟာ သူ့ရဲ့ လက်နှစ်ဖက်ကို ပေါင်ကြားထဲ ဆုပ်ကိုင်ပြီး ဒူးထောက်လဲကျ သွားခဲ့ပါတယ်။

"မင်းတို့ ကောင်တွေက သစ္စာဖောက်တွေပဲ"

"ဖြန်း"

လင်းဟန်က နောက်ထပ်လက်ဝါး တစ်ချက်နဲ့ ရိုက်လိုက်တဲ့ အချိန်မှာ တော့ ကျန်းယွမ် ပါးစပ်ဟသွားပြီး သွားတွေ တော်တော်များများ ပြုတ်ထွက် သွားပါတယ်။

"ခွေးဟာခွေးပဲ အရိုး ကိုက်ဖို့ လောက်ပဲ သိတယ်"

ကျန်းယွမ်ဟာ အရမ်းကို ရှက်သွားပါတယ်။ သူဟာ ကိုယ်ခန္ဓာ ပြုပြင်ခြင်းအဆင့် ၂သမား တစ်ယောက်ရဲ့ အရှေ့မှာ ဒူးထောက်နေရပြီး ပါးတွေလည်း အရိုက်ခံ ထားရပါတယ်။

ဒါပေမဲ့ အခုချိန်မှာ သူဟာလင်းဟန် ထွက်သွားမှာ ကို မတားဆီး နိုင်တော့ပါဘူး လင်းရှောင်ယွမ်ရဲ့ အလုပ်ကိစ္စတွေကို လင်းဟန် ဝင်နှောင့်ယှက် မှာ ကိုလည်း မလိုလားတဲ့ အတွက် သူ့အနေနဲ့ အမြန်ဆုံး စဉ်းစားလိုက်ပြီး လင်းဟန်ကို အော်ပြော လိုက်ပါတယ်။

"သခင်လေးဟန် … သခင်လေး ထွက်မသွားပါနဲ့ … သခင်လေးသာ အခန်းထဲကနေ ထွက်သွားမယ်ဆိုရင် အဆိပ်ကြောင့် သေရပါလိမ့်မယ်။ သခင်လေးက အခုအဆိပ်မိ နေပါပြီ"

လင်းဟန် တစ်ချက်ပြုံး လိုက်ပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်
။

"ဒီခွေးကောင်ကတော့ ငါ့ကိုငတုံးများ မှတ်နေလား မသိဘူး ဟဟ

ဟဟ"

လင်းဟန်က သူ့အနောက်ကနေ အသံဝင်အောင် အော်ဟစ်နေတဲ့ ကျန်းယွမ်ကို ဂရုမစိုက်ပဲ အတွင်းဘက် အဆောင်မှာ ရှိတဲ့ ညှိခန်းဆီကို လျှောက်လာခဲ့ပါတယ်။

ညှိခန်းဆောင်ကနေ အတွင်းဘက်နဲ့ အပြင်ဘက်ကို ဆက်သွယ်ထားတဲ့ တံခါးက နှစ်ချပ် ရှိပါတယ်။ တစ်ဖက်ကတော့ အတွင်းဘက်မှာ ရှိတဲ့ အဆောင်တွေနဲ့ ဆက်သွယ်ထားပြီး တစ်ဖက် ကတော့ အပြင်ဘက်ကို ထွက်ဖို့ အတွက်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ညှိခန်းဘက်ကို လှမ်းကြည့်လိုက်တော့ မိန်းမတစ်ယောက်နဲ့ ယောကျ်ား လေးယောက်ပါတဲ့ အုပ်စုတစ်စုကို တွေ့လိုက်ရပါတယ်။ မိန်းမငယ်လေးရဲ့ ဘေးမှာ ရပ်နေတဲ့ လူလေးယောက်ကိုတော့ လင်းဟန် မှတ်မိ သွားခဲ့ပါတယ်။ သူတို့ အားလုံးဟာ လင်းကလန်က လူတွေချည်းပါပဲ။ အသက်အကြီးဆုံး လူကတော့ လင်းကလန် အိမ်တော်ထိန်းကြီး လင်းရှောင်ယွမ် ဖြစ်ပြီးတော့ ကျန်တဲ့ သုံးယောက် ထဲကသတ်လတ်ပိုင်း အသက်လေးဆယ် ဝန်းကျင်အရွယ်နဲ့ နှစ်ယောက်ကတော့ လင်းရှောင်ယွမ်ရဲ့ သားတွေ ဖြစ်ပြီး နောက်ဆုံးကျန်တဲ့ တစ်ယောက်ကတော့ လင်းဟန်ထက် တစ်နှစ် နှစ်နှစ်ခန့်သာ ကြီးတဲ့ လင်းရှောင်ယွမ်ရဲ့ မြေးတဲ့ လင်းမုယွမ်ပဲ ဖြစ်ပါတယ်။ လင်းဟန်က ကျန်နေတဲ့ မိန်းကလေးဆီကို လှမ်းကြည့် လိုက်ပါတယ်။

သူ့လို အရင်ဘဝက ကောင်းကင်အဆင့် လူတစ်ယောက်ရဲ့ မျက်စိအမြင် ထဲမှာ တောင် တောက်ပ သွားခဲ့ပါတယ်။ ဒီမိန်းကလေးတော်တော် လှတာပဲ။ သူမကို ကြည့်ရတာ အခုမှ ၁၇ ၁၈ နှစ်လောက်ပဲ ရှိဦးမယ်။ ဒါပေမဲ့ သူမပိုင်ဆိုင်ထားတဲ့ အလှကြောင့် တိုင်းပြည် အသီး

သီးက လူတွေတောင်မှ သူမကို ပိုင်ဆိုင်ဖို့ စစ်ခင်းနိုင်တဲ့ အထိတောင် အစွမ်းရှိတယ်။

သူမရဲ့ အရှိန်အဝါ အော်ရာတွေကတော့ ရေခဲတောင်ကြီးလိုပဲ သူမအနားကို ချဉ်းကပ် လာမယ့် မည်သူ့ကိုမဆို အဝေးကို ရောက်အောင် တွန်းပို့မယ့် ပုံစံအတိုင်းပဲ အရမ်းကို အေးစက်လွန်း လှပါတယ်။ သူတို့ ငါးယောက်ဟာ အိမ်ရှင်နဲ့ ဧည့်သည် လိုပဲ တစ်သီးတခြားစီ ထိုင်နေကြပြီးတော့ အစေခံတချို့က သူတို့ နောက်မှာ ရပ်ပြီး လိုအပ်တာတွေကို ရိုရိုသေသေ လုပ်ကိုင်ဆောင်ရွက် ပေးနေကြပါတယ်။

လွီယုထန်က မေးလိုက်ပါတယ်။

"လင်းကလန်ကနေ အကယ်ဒမီကို လွှတ်မယ့်လူ အဆင်သင့် ဖြစ်ပြီလား"

သူမအမုန်းဆုံးကတော့ အစွမ်းအစမရှိပဲ အကယ်ဒမီကို နောက်ခံ အင်အားကြောင့် သို့မဟုတ် တစ်စုံတစ်ခုသော အပေးအယူကြောင့် အနောက်တံခါးကနေ ဝင်လာမယ့် တပည့်တွေပါပဲ။

ဒါကြောင့် သူ့ရဲ့ ပညာသင်ဘက် မောင်လေးဖြစ်လာမယ့် သူအပေါ်မှာ ကောင်းမွန်တဲ့ ခံစားချက်တွေ ရှိမနေခဲ့ပါဘူး။

လင်းရှောင်ယွမ်က မြန်မြန်ပဲ ပြောလိုက်ပါတယ်။

"အဆင်သင့်ပါပဲ အဆင်သင့်ပါပဲ"

သူ့ရှေ့က မိန်းမငယ်လေးနဲ့ သူဟာ အသက်အရွယ်အရ မြေးအဘိုးအရွယ် ဖြစ်နေပေမဲ့လည်း သူတို့ ဟာ ဒြပ်စင် စုစည်းခြင်း အဆင့်ကတော့ အတူတူပါပဲ။

လူတစ်ယောက်ရဲ့ သိုင်းပညာအစွမ်းဟာ အသက်အရွယ်ပေါ်မှာ မူတ

ည်မနေပါဘူး အင်အားကြီးလေ ပိုပြီးလေးစား ကြလေပါပဲ။ လင်းရှောင်ယွမ် အနေနဲ့ ဒီမိန်းမငယ်လေးရဲ့ အဆင့်ဟာ သူ့ထက် အနည်းငယ် မြင့်လိမ့် မယ်လို့ တောင် ခံစားရပါတယ်။ သူက ဒြပ်စင်စုစည်းခြင်း အဆင့်ခြောက် ဖြစ်နေပေမဲ့လည်း မိန်းမပျိုလေးကတော့ အဆင့်၇ သို့မဟုတ် ၈တောင်မှ ဖြစ်နေ နိုင်ပါတယ်။ ဒါကြောင့်ပဲ သူရဲ့ မြေးကို ဟွာယန် အကယ်ဒမီကို အလျှင်စလိုနဲ့ ပို့ပေးချင်တာပဲ ဖြစ်ပါတယ်။ နှစ်အနည်းငယ် အတွင်းမှာ သူရဲ့ မြေးက လင်းဒေါင်ရှန်ထက် အစွမ်းပိုထက် လာနိုင်ပြီးတော့ သူ့ကို ကလန်ခေါင်းဆောင် ရာထူးကို ဆက်ခံနိုင်အောင်လို့ ကူညီထောက်ပံ့ ပေးနိုင် ပါလိမ့်မယ်။

လင်းရှောင်ယွမ်က သူ့မြေးဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"မုယွမ် မြန်မြန် လာပြီး မင်းရဲ့ စီနီယာအစ်မကို လာနှုတ်ဆက်လိုက် "

"ဟုတ်ကဲ့ပါ အဘိုး"

လင်းမုယွမ်က ရိုရိုသေသေနဲ့ ပဲ နှုတ်ဆက် လိုက်ပါတယ်။

"မုယွမ်က စီနီယာအစ်မကို နှုတ်ဆက် ပါတယ်ခင်ဗျာ"

မုယွမ်က လှပပြီး အေးစက်စက်နိုင်တဲ့ စီနီယာအစ်မကို ကြည့်ပြီး သူ့စိတ်ထဲမှာ ငါ့မှာ လုံလုံလောက်လောက် အချိန်သာရရင် သူမရဲ့ နှလုံးသားကို ဖမ်းဆုပ်နိုင် လိမ့်မယ်လို့ ယုံကြည်ပါတယ်။

လွီယုထန် အနည်းငယ်တော့ အံ့အားသင့် သွားပါတယ်။ သူမသိရ သလောက်တော့ လင်းကလန်ကနေ သူမခေါ်လာရမယ့် သူရဲ့ နာမည်က လင်းဟန်လို့ သိထားတာပါ။

ဘာဖြစ်ဖြစ်လေ ဒါကသူမကိစ္စ မဟုတ်ပါဘူး အဓိကအချက်က

လင်းကလန် ကနေပြီး လူတစ်ယောက်ကို အကယ်ဒမီဆီကို ခေါ်လာဖို့ ပဲ ဖြစ်ပါတယ်။

"ကောင်းပြီ ....မင်းဘက်က အဆင်သင့်ပဲဆိုရင် ငါတို့ ခုပဲသွားကြစို့"

"မိန်းကလေးလွိ မင်းဘာလို့ ငါတို့ ဆီမှာ ရက်အနည်းငယ်လောက် မနေတာလဲ။ ငါတို့ ရဲ့ ဧည့်ဝတ် ကျေပွန်မှုကို ပြသချင်လို့ ပါ"

လင်းရှောင်ယွမ်က ဒီမိန်းကလေးနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခုကို တည်ဆောက်ချင်လို့ ပဲ ဖြစ်ပါတယ်။ ဒါမှ သူ့မြေး အကယ်ဒမီကို ရောက်တဲ့ အခါမှာ ဒီမိန်းကလေးက ကောင်းကောင်း မွန်မွန်နဲ့ စောင့်ရှောက်ပေးဖို့ ကို မျှော်လင့်ထားလို့ ပဲ ဖြစ်ပါတယ်။

လွိယုထန်က အေးစက်စက်နဲ့ ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မလိုဘူး" လို့ ပြောပြီး လှည့်ထွက်သွားဖို့ ပြင်ဆင်လိုက်ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က အော်ဟစ် လိုက်ပါတယ်။

"ခဏစောင့်ပါဦး ... ... ... ... ... ."

လင်းရှောင်ယွမ်နဲ့ ကျန်တဲ့ သူတွေရဲ့ မျက်နှာဟာ ချက်ချင်းပဲ ပျက်သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ ဟာ လင်းကလန်ရဲ့ အမှိုက်ကောင်ဆီကနေ ဒီအခွင့်အရေးကို အမြတ်ထုတ် ရယူထားတဲ့ သူတွေလေ။

လင်းမုယွမ်က လျှင်လျှင်မြန်မြန်ပဲ တုံ့ပြန် လိုက်ပါတယ်။

"ညီငယ်လေးလင်း မင်းဒဏ်ရာတွေ ရထားတယ် မဟုတ်လား မြန်မြန် အခန်းထဲပြန်ပြီး နားလိုက်ပါ"

သူဟာချက်ချင်းပဲ လင်းဟန်ရဲ့ ဘေးကို ရောက်သွားပြီးတော့ လင်းဟန်ရဲ့ လက်ကိုဆွဲထားပြီး ထပ်ပြောဖို့ အခွင့်အရေး မပေးတော့ပါဘူး။

ဘာဖြစ်ဖြစ်သူက လင်းဟန်နဲ့ ယှဉ်လိုက်ရင် ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်၇ကို ရောက်နေပြီးဖြစ်လို့ လင်းဟန်အနေနဲ့ သူ့ကိုဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး လေ။

***